## Part II
## Church Ministries

## အပိုင်း (၂)
## အသင်းတော်သာသနာလုပ်ငန်းများ

### အခန်း (၉) Chapter 9

### သင်းထောက်လူကြီးတို့၏သာသနာလုပ်ငန်း (The Ministry of Elders)

ဤစာအုပ်၏အစောပိုင်းတွင် အသင်းတော်တစ်ခုလုံး၏ သဘောတူဆုံးဖြတ်ချက်အားဖြင့် လူတို့၏ စိတ်အာရုံတွင်ရှိသော အတွေးအခေါ်သည် လူတွေကိုအုပ်ချုပ်သူဖြစ်သည်ဟု တိုက်တွန်းခဲ့ပါသည်။ ထို့ကြောင့် အသင်းတော်များသည် သင်းထောက်လူကြီးမှ အုပ်စိုးခြင်းမျိုးထက် သင်းထောက်လူကြီး၏ဦးဆောင်မှုအောက်တွင် ရှိသင့်ပါသည်။ ထိုသို့ဆိုသော် အသင်းတော်၌ သင်းထောက်လူကြီးများသည် အဘယ်ကြောင့်လိုအပ်သနည်း။ သူတို့သည် အဘယ်သို့သောလုပ်ငန်းတာဝန်ကို လုပ်ဆောင်သနည်း။

### သင်းထောက်လူကြီးထားရှိခြင်း၏အကျိုးတက်ရောက်မှု
### The Advantages of Having Elders

ဒုတိယကမ္ဘာစစ်ပွဲဆင်နွှဲသည့်အချိန်အလယ်ပိုင်းတွင် အမေရိက တိုပီဒိုလေယာဉ်တပ်များက ဂျပန်သင်္ဘောရေတပ်များကို ရှာဖွေတွေ့ရှိကာ တိုက်ခိုက်ခဲ့ကြသည်။ ဝမ်းနည်းဖွယ်ရာတွေ့ရှိချက်တစ်ခုကတော့ အမေရိက တိုပီဒိုလေယာဉ်တပ်များက တိုက်လေယာဉ်ပေါ်တွင် ကိုယ်ရံတော်မပါဘဲ စစ်တိုက်ခြင်းပင်ဖြစ်သည်။ ကိုယ်ကျိုးစွန့်လွှတ်သောစစ်တိုက်ခြင်းဖြစ်သည်ကို ထင်ရှားစေခဲ့သည်။ အားလုံးသည်ပင်ပန်းပြီး အန္တရာယ်များနှင့် တွေ့ကြုံခဲ့သော်လည်း လေယာဉ်မှူးတစ်ဦးသာလျှင် အသတ်ခံခဲ့ရသည်။ ဗုံးကြဲသူများကို တိုက်လေယာဉ်များက စောင့်ထိန်းပြီး ခရီးအရောက်ပို့ဆောင်သကဲ့သို့ သင်းထောက်လူကြီးများက ယုံကြည်သူများကို စောင့်ထိန်းပို့ဆောင်ဖို့ရန် လိုအပ်သည်။ သိုးရေလွှမ်းခြုံပြီး သိုးစုများထဲတွင် ရက်စက်ကြမ်းကြုတ်စွာ လှုပ်ရှားနေသော ဝံပုလွေ၏စားမျိုမှုမှ ယုံကြည်သူများကာကွယ်ခြင်းအတွက် သင်းထောက်လူကြီးများက သူတို့အသက်တာပေးဆပ်ရမည်။ ယုံကြည်သူများသဘောထား ညီညွတ်မှု ရရှိနိုင်ဘို့ရန်နှင့် ရင့်ကျက်နိုင်ဘို့ရန်အတွက် သင်းထောက်လူကြီးများက လမ်းပြမှုတာဝန်ကိုသော်လည်းကောင်း၊ သွန်သင်ခြင်းတာဝန်သော်လည်းကောင်း၊ ကူညီဖေးမမှုတာဝန်သော်လည်းကောင်း စသောကိစ္စများကို စီမံဆောင်ရွက်ပေးရမည်။

မှားယွင်းသောဆရာများနှင့်ပတ်သက်၍ ကောင်းမွန်သော (sound) ဩဝါဒဆန့်ကျင်သူများကို သင်းထောက်လူကြီးများက "ချေပ" နိုင်ရမည် (တိ၊၁း၉)။ ထိုကဲ့သို့ပြုလုပ်ခြင်းသည် ရှင်မဿဲခရစ်ဝင်ကျမ်း ၁၈း၁၅-၃၅ ၌ ဖော်ပြထားသောခရစ်ယာန်များ ကျင့်သုံးရမည့် စည်းကမ်းချက်များကို စောင့်ထိန်းခြင်းဖြစ်ပြီး ထိုသို့လုပ်ဆောင်ရန်တာဝန်ရှိသည်။ သင်းထောက်လူကြီးတို့သည် "သူတို့လက်အောက်၌ အပ်နှံလျက်ရှိသော သူများအပေါ်တွင် သခင်ကဲ့သို့အုပ်ချုပ်ခြင်း" အားဖြင့် အပြစ်မလွန်ကျူးသင့်ပေ။ သို့သော်သူတို့သည် "သိုးစုများအတွက် စံပြနမူနာယူထိုက်သောသူများ" ဖြစ်သင့်ပါသည် (၁ပေ၊၅း၃)။ သင်းထောက်လူကြီးအမြောက်အများရှိခြင်းသည် (ရာထူးညီတူညီမျှရှိသောသူများ) ယုခုမျက်မှောက်ကာလတွင် ကြုံတွေ့နေသော လူမျိုးကွဲပြားမှု ပေါ်ပေါက်လာခြင်းမှ ကာကွယ်ပေးသည် (၂ယော၊၉-၁၀)။ သို့သော် သူတို့၏အကောင်းဆုံး ကြိုးပမ်းအားထုတ်မှုများသည် အသင်းတော်အတွက် ဖြစ်သော်လည်း ကျွန်ုပ်တို့သိရှိနားလည်ရမည့်

အချက်ကတော့ တပည့်တော်များကို သွေးဆောင်ခြင်းငှါ၊ မှားသောစကားကို ပြောတတ်သောသူတို့ သည် သင့်ကိုအထဲ၌ ပေါ်ပေါက်လာမည်ကိုလည်းကောင်း ငါသိ၏။ ထို့ကြောင့်စောင့်ရှောက်၍ နေကြလော့ (တ ၂၀း၃၀–၃၁) ဟူ၍ဖြစ်သည်။

တ၂၀း၂၅–၃၁၊ တိ ၁း၉၊ ဖေက် ၄း၁၁–၁၃၊ ၁တိ ၁း၃၊ ၃း၄–၅၊ ၅း၁၇၊ ၆း၂၀၊ ၂တိ ၁း၁၃–၁၄၊ ၂း၂၊ ၁၅၊ ၃း၁၆–၁၇၊ ၄း၂–၄၊ တိ ၁း၉၊ ၁၃၊ ၂း၁၅ နှင့် ဟေဗြ ၁၃း၁၇ များထဲ၌ ဖော်ပြသောအကြောင်းအရာများကို ကြည့်ခြင်းအားဖြင့် အသင်းတော်၌ ဦးဆောင်သူများ၏ တာဝန် ဝတ္တရားကို စေ့စပ်သေချာစွာ တွေ့ရှိနိုင်သည် ဦးဆောင်သူများသည် မှားယွင်းသောဆရာများ၏ သွန်သင်ခြင်းမှ ယုံကြည်သူများကို စောင့်ကြပ်ကာကွယ်ပေးရမည်ဖြစ်သည်။ တမန်တော်များ၏ ထုံးစံအတိုင်း တစ်ခြားခေါင်းဆောင်များကို သွန်သင်ပို့ချနိုင်ရမည်။ စံနမူနာပြသကာ ဦးဆောင်နိုင် ရမည်။ သမ္မာတရားကို ပွေ့ပိုက်နိုင်ရမည်။ ဝံပုလွေများကို ထုချေရိုက်နှက်နှင်ထုတ်နိုင်ရမည်။ သဘောထားညီညွတ်မှုရရှိရေးအတွက် ယုံကြည်သူများကို ဖေးမကူညီပေးနိုင်ရမည်။ အတိုချုံး၍ ဖော်ပြရလျှင် အသင်းတော်၌ဦးဆောင်သူတို့သည် ယုံကြည်သူများကို ကြီးကြပ်နိုင်သူများ၊ သွန်သင်ပေးနိုင်သူများ၊ ကာကွယ်ပေးနိုင်သူများ၊ ပြုစုပျိုးထောင်ပေးနိုင်သူများ၊ ခွန်အားပေးနိမ်သိမ့် ပေးနိုင်သူများ ဖြစ်ရမည်။ ထပ်မံ၍ဖော်ပြရလျှင် သူတို့သည် အစဉ်အမြဲသူတို့၏ ဦးဆောင်မှုစိတ် အားထက်သန်စွာဖြင့် "ဆက်ကပ်" (ဟေဗြ ၁၃း၁၇) ရမည်ဖြစ်သည်။

အသင်းတော်ဦးဆောင်သူများသည် တမန်တော်လုပ်ငန်းလုပ်ကိုင်သူများဖြစ်သော်လည်း တိမောသေနှင့် တိတုတို့သည် ဒေသန္တရအသင်းတော်တွင် သင်းထောင်လူကြီးများ ခန့်အပ်သည်ထိ တိုင်အောင် သူတို့က သင်းထောက်လူကြီးများ၏ လုပ်ငန်းတာဝန်လုပ်ကိုင်နေသည်ကို ရှင်းလင်း စွာတွေ့ရှိနိုင်ပါသည်။ ထို့ကြောင့် ယာယီခန့်အပ်ခြင်းခံသော တမန်တော်လုပ်ငန်းလုပ်ကိုင် သူများ နည်းတူ ခန့်အပ်ခြင်းခံသော သင်းထောက်လူကြီးများက အသင်းတော်၌လိုအပ်သောအရာများ တသွေမတိမ်း နှိမ့်ချစွာဖြင့် လုပ်ဆောင်ရမည်ဖြစ်သည် (၁တိ ၁း၄၊ ၄း၁၁၊ ၅း၁၇၊ ၆း၁၇၊ တိတု ၁း၁၂–၁၃၊ ၂း၁၅၊ ၃း၁၀)။ ဦးဆောင်ခြင်းအမှုပြုသည့်အချိန်တွင် ဩဇာကြီးစွာဖြင့် အပြစ်ဖော်ပြ ခြင်း၊ ပြောဆိုခြင်း၊ သွန်သင်ခြင်းနှင့် ဦးဆောင်ခြင်းတို့သည် သင်းထောက်လူကြီးများအတွင် သင့်လျော်သောလုပ်ငန်းဖြစ်သည်ကို သိသာထင်ရှားသည်။ သင်းထောက်လူကြီးတို့သည် ယုံကြည် သူများကို ကောင်းမွန်စွာဖြင့် အုပ်ချုပ်နိုင်ရမည်။ ထိန်းချုပ်နိုင်ရမည်။ ထိုတာဝန်များကို အရေးပေး ဆောင်ရွက်ကာ ယုံကြည်သူများကို စောင့်ကြပ်နိုင်ရမည်ဖြစ်သည်။ ရင့်ကျက်သောယုံကြည်သူများ အနေဖြင့် မှန်ကန်သောအကျင့်စာရိတ္တဖြစ်စေ၊ မှားယွင်းသောအကျင့်စာရိတ္တဖြစ်စေ၊ အယူဝါဒများ နှင့် ပတ်သတ်သောသူတို့၏ ခံယူသိက္ခမ်းမှုများကို သင်းထောက်လူကြီးတို့က ပြုပြင်ပေးနိုင်ရမည် ဖြစ်သည်။ သူတို့၏ ပထမဆုံးလုပ်ဆောင်ရမည့်တာဝန်သည် လူ့သဘာဝအတိုင်း စူးစမ်းရှာဖွေရ ပြီး ဒုက္ခနှင့်တွေ့ကြုံခြင်းပင်ဖြစ်သည်။ နားထောင်လိုက်လျှောက်နိုင်ဖို့ရန် ငြင်းဆန်သောသူများရှိ သော်ငြားလည်း၊ ဥင်းထောက်လူကြီးတို့၏ တာဝန်သည် မဿဲ ၁၈ ထဲ၌ ဖော်ပြထားသောကိစ္စဟူ သမျှကို ယုံကြည်သူအယောက်စီတိုင်းထံ ဝေငှဟောပြောခြင်းဖြစ်သည်။ နောက်ဆုံးတွင် ဩဇာအာ ဏာက ယုံကြည်သူများကို သဘောထားညီညွတ်ရန် စုစည်းပေးပါလိမ့်မည်။

ချုံငုံပြီးကြည့်ရှုပါက သင်းထောက်လူကြီးတို့၏ ဦးဒဆောင်မှုအခန်းကဏ္ဍနှင့်ယုံကြည်သူတို့ ၏အသင်းတော်နှင့် ပတ်သတ်သော တာဝန်ဝတ္တရားများကြားတွင် နူးညံ့သောညီညွတ်မှုရှိရမည်ဖြစ် သည်။ တစ်ဖက်စွန်းရောက်နေပါကပေါက်ကွဲသွားလိမ့်မည်။ ဦးဆောင်ရာတွင် တခြားသူများမှ ဝေးကွာနေလျှင် ပဲ့ကိုင်မရှိသော လှေကဲ့သို့ ဖြစ်သွားလိမ်ပမည်။ တကယ်တမ်းကျတော့ သင်း ထောက်လူကြီးတို့၏ ဦးဆောင်ခြင်းနှင့်အသင်းတော်တစ်ခုလုံး၏ ပိုင်းဝန်းပါဝင်မှု ဝတ္တရားများ ကြားတွင် ငြင်းပွားမှုရှိခြင်းသည် တရားဝင်သည်။ နှစ်ဖွဲ့စလုံးက တစ်ဖွဲ့ကိုတစ်ဖွဲ့လေးနက်စွာဖြင့် စဉ်းစားလုပ်ဆောင်ရန် လိုအပ်သည်။ တဖက်မှကြည့်လျှင် စံနမူနာပြသရန်အတွက် သော်လည်း ကောင်း၊ သွန်သင်ခြင်းဖြင့်ဦးဆောင်ရန်အတွက် သော်လည်းကောင်း၊ စုရုံးဝတ်ပြုခြင်းများ၌

ဆွေးနွေးတိုင်ပင်ရန် သင့်တော်သောခေါင်းစဉ်များပေးကာ ဖြေရှင်းရန်အတွက်သော်လည်းကောင်း သင့်တွင် သင်းအုပ်လူကြီးများရှိသည်။ တဘက်တွင် သင်၌သိုးစုများရှိသည်။ ယုံကြည်သူများက ဝိုင်းဝန်းကာ နောက်ဆုံး၌ ဆုံးဖြတ်ချက်ချမှတ်ဖို့လိုအပ်သည်။ သူတို့သည် သင်းထောက်လူကြီး နောက်လိုက်ဖို့ရန် တိုက်တွန်းနိုးဆော်မှုနှင့် ဦးဆောင်သူများ၏ပြင်းထန်စွာ ငြင်းခုံမှုအားဖြင့် သူတို့ကိုယ်သူတို့ နောက်လိုက်ခြင်းမှ တွန့်ဆုပ်မှုနှင့်ရင်ဆိုင်ရလိမ်ကမည်။ သင်းထောက်လူများ ပြောဆိုသောစကားလုံးတို့သည် နားစွန့်သောသူများအတွက် အကျိုးရှိပေမည်။ သင်းထောက်လူကြီးတို့သည် လေးစားထိုက်သောပုဂ္ဂိုလ်များဖြစ်ကြသည်။ အဘယ်ကြောင့်ဆိုသော်ဘုရားသခင်က သူတို့ကို သင်းထောက်နေရာတွင် ခန့်ထားသောကြောင့်ဖြစ်သည်။ ဤခံယူချက်သည် ဓမ္မဟောင်းခေတ်ကာလတွင် ဣသရေလလူမျိုးတို့နေထိုင်သောမြို့ကြများတွင် သင်းထောက်လူကြီးများကို လေးစားခြင်းနှင့်ဆင်တူသည်။ သူတို့သည် ဩဇာအာဏာ သို့မဟုတ် တန်ခိုးမရှိကြပေ။ သို့သော် ထိုသူတို့သည် လေးစားမှုကို ရရှိခဲ့သည်။ သင်းထောက်လူကြီးတို့၏ ဦးဆောင်မှုကို မထီလေးစားပြုခြင်းသည် မိမိကိုယ်ကို အရူးအဖြစ်သော်လည်း၊ ပုန်ကန်ထကြွသူအဖြစ်သော်လည်းကောင်း သတ်မှတ်ခြင်းပင်ဖြစ်သည်။

## သင်းထောက်လူကြီးဦးဆောင်သောစည်းလုံးမှု
## Elder-led Congregational Consensus

သခင်ယေရှုသည်အသင်းတော်၏ဦးခေါင်းဖြစ်သည်ဟု လူတိုင်းကသဘောတူဝန်ခံကြသည် (ကော ၁း၁၅–၂၀)။ ထို့ကြောင့်အသင်းတော်သည် နှုတ်ကပတ်တော်သည် အားဖြင့်သော်လည်းကောင်း၊ သန့်ရှင်းသောဝိညာဉ်တော်၏ ဩဇာအာဏာလွှမ်းမိုးခြင်းအားဖြင့် သော်လည်းကောင်း (ယော ၁၄း၂၅–၂၇၊ ၁၆း၁၂–၁၅၊ တမန် ၂း၄၂၊ ဧ ၂း၁၉–၂၂၊ ၃း၁၄–၁၅)၊ ခရစ်တော်အုပ်ချုပ် သောအာဏာရှင် စနစ်ပင်ဖြစ်သည်။ အဖွဲ့အစည်းနှင့်ပတ်သတ်၍ မြေပုံအားဖြင့် ခေါင်းမှစတင်ပြီး ပုံဖော်ရေးဆွဲထားပါက ဩဇာအာဏာလမ်းကြောင်းသည် မည်သည့်နေရာတွင် ရေးဆွဲရမည်နည်း။

ဧဖက်မြို့အသင်းတော် (တ ၂၀း၁၇) တွင်ရှိသော "သင်းထောက်လူကြီး" များသို့ ရှင်ပေါလုက ဤသို့ပြောခဲ့ပါသည်။ "ထို့ကြောင့်သင်တို့သည် ကိုယ်ကိုသတိနှင့် ကြည့်ရှုကြ လော့။ ဘုရားသခင်သည် မိမိအသွေးနှင့်ဝယ်ယူသော အသင်းတော်ကို လုပ်ကျွေးစေခြင်းငှါ၊ သန့်ရှင်းသောဝိညာဉ်တော်သည် သင်တို့ကို အအုပ်အချုပ်ခန့်ထားတော်မူကြောင့် သိုးစုကို သတိနှင့် ကြည့်ရှုကြလော့" (၂၀း၂၈)။ "စီမံကွပ်ကဲသူများ" နှင့် "သိုးထိန်းသူများ" ဟု အသုံးပြုခြင်းသည် သင်းထောက်လူကြီးများကို အသင်းတော်၌ စီမံကွပ်ကဲသော ရာထူးရရှိသည်ဟု ဖော်ပြလိုခြင်း သည်။ ရှင်ပေါလုက တိမောသေထံသို့ သင်းထောက်လူကြီးများ၏ အရည်အချင်းများအတွက် စာရေးသောအခါ ဤကဲ့သို့ မိန့်မှာခဲ့ပါသည်။ "မိမိအိမ်ကို မအုပ်စိုးတတ်လျှင် ဘုရားသခင်၏ အသင်းတော်ကို အဘယ်သို့ပြုစုလိမ်ကမည်နည်း" (၁တိ ၃း၅)။ ၎င်းက သင်းထောက်လူကြီးများ ၏ စီမံခန့်ခွဲမှု ကဏ္ဍများကို တဖန်ဖော်ပြထားပါသည်။ ရှင်ပေါလုက သင်းထောက်လူကြီးများကို ဤကဲ့သို့ တောင်းဆိုခဲ့ပါသည်။ "သင်တို့နှင့်အတူရှိသော ဘုရားသခင်၏သိုးစုကို ထိန်းခြင်းအမှု မှာ အနိုင်ထိန်းရသောကြောင့်မဟုတ် စင်ကြယ်သောစီးပွားကို တပ်မကိသောကြောင့် မဟုတ်ဘဲ အလိုလိုစေတနာစိတ်ရှိ၍ ကြည့်ရှုအုပ်ထိန်းကြလော့" (၁ပေ ၅း၁၂)။ သင်းထောက်လူကြီးများသည် ဦးဆောင်ခြင်း၌ ကျွမ်းကျင်ဖို့ရန် လိုအပ်သည်။

၁တိ ၅း၁၇ သည် "အသင်းတော်တိုးတက်ဖို့ရန်အတွက် ကိစ္စဟူသမျှဆောင်ရွက်သော" သင်းထောက်လူကြီးများကို ဖော်ပြလိုခြင်းဖြစ်သည်။ ၁သက် ၅း၁၂ ကညီအစ်ကိုများအား "ဘုရားသခင်၌ သင်တို့ကို စောင့်ကြပ်သောသူနှင့် အကြံပေးသောသူများ" အပေါ် ကြည်ညိုလေးစားရန် တောင်းဆိုသည်။ ဟေဗြဲ ၁၃း၇ က "သင်၏ခေါင်းဆောင်များကို အောက်မေ့လော့ဟု မိန့်ဆိုခဲ့သည်။ နောက်ဆက်တွဲအနေဖြင့် ဟေဗြဲ ၁၃း၁၃ ထဲတွင် သို့ဖြစ်၍ ငါတို့သည် ထိုသင်နှင့် ကဲ့ရဲ့

ကိုခံ၍ တပ်ပြင်၊ အထံတော်သို့ ထွက်သွားကြကုန်အံ့" ဟု ထည့်သွင်းဖော်ပြထားပါသည်။ ဤဖော်ချက်များကို ကြည့်သောအခါ အသင်းတော်တွင် "ဦးဆောင်သူများ" ရှိရမည်ဟု ညွှန်ပြထားပါသည်။ ၎င်းဦးဆောင်သူများကို "သင်းထောက်လူကြီးများ" သို့မဟုတ် "စောင့်ကြပ်သူများ" အဖြစ်ဖော်ပြထားပါသည်။

(သင်းထောက်လူကြီး၊ စောင့်ကြပ်သူ (KJV ၌ Bishop ဂိုဏ်းအုပ်ဟု ဖော်ပြသည်) နှင့် သင်းအုပ်ဆရာ (သိုးထိန်း) တို့၏ခြားနားမှုသည် တမန် ၂၀း၁၇၊ ၂၈–၃၀၊ ၁ ပေ ၁း၅–၇ နှင့် ၁ပေ ၅း၁–၃ တို့၌ ဖော်ပြချက်တို့ကို သေချာဆန်းစစ်သောအခါ ထိုကျမ်းပိုဒ်များထဲ၌ အသုံးပြုသောစကားလုံးတို့သည် အဓိပ္ပာယ်ချင်းတူသော ဝေါဟာရများဖြစ်သည်ကို တွေ့ရှိရသည်။ ထိုဝေါဟာရသုံးခုတို့သည် ရာထူးအားဖြင့်တူညီသည်။ မျက်မှောက်ကာလတွင် ထိုစကားလုံးများကို သီးသန့်အဖြစ်အသုံးပြုခြင်းသည် သဘာဝမကျပေ။ ကျမ်းစာဖော်ပြချက်လည်းမဟုတ်ပေ။)

အထက်၌ ဖော်ပြထားသော ကြီးကြပ်သူများကသာ "အုပ်ချုပ်" နိုင်ခြင်းကို သီးခြားကွဲပြားစွာခံယူပါက သင်းထောက်လူကြီးများ၏ အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းအမြင်ကို မှားယွင်းနိုင်သည်။ သူတို့၏ အဆင်းအတန်းသည် တူညီမှုပိုများသည်။ လုပ်ငန်းပိုင်းဆိုင်ရာ အသင်းတော်၏ဆုံးဖြတ်ချက်အတွက် ဖော်ပြထားသော (၁ကော ၅း၁–၅၊ ဂလာတိ ၆း၁ တို့လည်းပါဝင်သည်။) ရှင်မဿဲခရစ်ဝင် ၁၈း၁၅–၁၇ ၌ပါဝင်သော အသင်းတော်စည်းကမ်းချက်၏ ခြေလှမ်းများကို ဆင်ခြင်ပါ။ ထိုစည်းမျဉ်းစည်းကမ်းများ လက်တွေ့ကျကျ ကျင့်သုံးခြင်း၌ သင်းဝင်သူပရိသတ်အားလုံး ပါဝင်သည်ကို မှတ်ယူပါ။ စည်းကမ်းချက်များကို အစည်းအဝေး၌ တင်ပြရာတွင်လည်းကောင်း၊ လုပ်ဆောင်ရာတွင်လည်းကောင်း၊ ခေါင်းဆောင်များကသာ ထိုတာဝန်ယူခြင်းကိစ္စမျိုးမဟုတ်သည်ကို လည်းမှတ်ထားပါ။ သင်းဝင်သူပရိသတ်အားလုံး ပူးပေါင်းပါဝင်သည်။

ဤကဲ့သို့ ပူးပေါင်းပါဝင်မှုသည် တမန် ၁း၁၅–၂၆ ထဲတွင်လည်းမျက်ဝါးထင်ထင် တွေ့နိုင်သည်။ ယုဒကိုအစားထိုးရွေးချယ်ဖို့ရန်အတွက် တမန်တော်ပေတရုကိုယ်တိုင်က အသင်းတော်တွင်ရှိသော ယုံကြည်သူအားလုံး၏ သဘောတူညီမှု ဆန္ဒခံယူပွဲလုပ်ကာ ရွေးချယ်ခန့်အပ်ခဲ့သည်။ တမန် ၆း၁–၆ ထဲတွင် တမန်တော်များက "နောက်လိုက်သူများ" ကို လှည့်ကြည့်ကာ (၆း၂) အသင်းတော်၏တိုးတက်ရာ တိုးတက်ကြောင်း လုပ်ငန်းတာဝန်ထမ်းဆောင်ရန် အမှုတော်ဆောင်များကို ရွေးချယ်ဖို့အသင်းတော်တွင် ရှိသောယုံကြည်သူများနှင့် တိုင်ပင်ခဲ့သည်။ ဤကဲ့သို့ လုပ်ဆောင်ခြင်းများက အသင်းတော်တွင်ရှိသော ယုံကြည်သူအယောက်စီတိုင်း ပါဝင်နေသည်ကို ပြသလိုခြင်းဖြစ်သည်။

ပေါလုက စာရေးသောအခါ ရောမမြို့တွင်ရှိသော သန့်ရှင်းသူ "အားလုံး" (၁း၇) ဟု ဖော်ပြခဲ့ပါသည်။ သူကသင်းထောက်လူကြီးများဟု သီးသန့်ဖော်ပြခြင်းမရှိပေ။ ကောရိန္သုမြို့တွင်ရှိသော ယုံကြည်သူများထံ ပေါလုက စာရေးသောအခါ "ယုံကြည်သူ" အယောက်စီတိုင်း (၁ကော ၁း၂ နှင့် ၂ကော ၁း၁) ဟု ဖော်ပြထားပါသည်။ ဤနေရာတွင် ကြီးကြပ်သူများဟု သီးသန့်ဖော်ပြထားခြင်း မရှိပေ။ ဂလာ ၁း၂ ထဲတွင်ရှိသော နှုတ်ခွန်းဆက်စကားသည် ဂလာတိမြို့တွင်ရှိသော "ယုံကြည်သူ" အားလုံးကို နှုတ်ဆက်ခြင်းဖြစ်သည်။ ဤကဲ့သို့ ဖော်ပြခြင်းသည် ဦးဆောင်သူများကိုသာ အရေးပေးကာ နှုတ်ဆက်ခြင်းမဟုတ်ပေ။ "ဖေက်မြို့၌ရှိသော ယုံကြည်သူများ" (၁း၁) သည် ဤစာစောင်ကို လက်ခံသူများဖြစ်သည်။ ဖိ ၁း၁ တွင် ဖော်ပြထားသောယုံကြည်သူအယောက်စီတိုင်းသည် ကြီးကြပ်သူများ၊ အမှုတော်ဆောင်များနှင့် အတူတူပင်ဖြစ်သည်။ ကောလော ၁း၂ ထဲတွင်ရှိသော နှုတ်ဆက်ခြင်းသည် "ခရစ်တော်၌သန့်ရှင်းပြီး သစ္စာစောင့်သော ညီအစ်ကိုများကို" ဖော်ပြလိုခြင်းဖြစ်သည်။ ဤပြဋ္ဌါန်းချက်များက သင်းထောက်လူကြီးတို့သည် လည်းသိုးများပင်ဖြစ်သည်ကို ဖော်ပြပါသည်။ သင်းထောက်လူကြီးတို့သည်လည်း သင်းဝင်သူများဖြစ်ကြသည်။ ဘုန်းကြီးနှင့် သာမန်ယုံကြည်သူအဖြစ် ကွဲပြားမှုမရှိပေ။

ဦးဆောင်မှုအပေါ် ဤကဲ့သို့တန်းတူရည်တူထားခြင်း၏ လိုအပ်မှုကို ၁သက် ၁း၁၊ ၂သက် ၁း၁၊ ယာကုပ် ၁း၁၊ ၁ပေ ၁း၁၊ ၂ပေ ၁း၁၊ ၁ယော ၂း၁၊ ၇ နှင့် ယုဒ ၁း၁ များတွင် တွေ့ရှိရသည်။ တကယ်တမ်းကျတော့ ဟေဗြဲသြဝါဒစာသည် ယုံကြည်သူအားလုံးအတွက် ရေးသားထားခြင်းဖြစ်သည်။ ထို့နောက် စာရေးသူက ၎င်းယုံကြည်သူများအပေါ် တောင်းဆိုချက်ဖြစ်သော "ဦးဆောင်သူများကိုနှုတ်ဆက်" ကြပါ(၁၃း၂၄) ဟု ဖော်ပြထားခြင်းကို နောက်ဆုံးကျမ်းပိုဒ်တွင် တွေ့ရသည်။ သူက ဦးဆောင်သူများကို တိုက်ရိုက်နှုတ်ခွန်းဆက်သခြင်းမပြုပေ။

ဟေဗြဲ ၁၃း၁၇ ထဲတွင် အသင်းတော်၌ ဦးဆောင်သူများ၏စကားကို "နားခံ" ရန်ယုံကြည်သူများ တိုက်တွန်းအားပေးခြင်းကို တွေ့ရသည်။ စိတ်ဝင်စားဖွယ်ရာအချက်ကတော့ ဂရိစကားလုံးသည် ရိုးရိုးသာမန် "နာခံခြင်း" ကိုဖော်ပြလိုခြင်းမဟုတ်ပေ။ ဤနေရာတွင် "peitho" ကို အသုံးပြုထားသည်။ အဓိပ္ပာယ်သည် "ဆွဲဆောင်ဖျောင်းဖျခြင်း" သို့မဟုတ် "သိရှိနားလည် ခြင်း" ဖြစ်သည်။ ထို့ကြောင့် ဟေဗြဲ ၁၃း၁၇ ထဲ၌ ဖော်ပြလျှသောအရာသည် "မိမိကိုယ်ကို သွေးဆောင်ဖြောင်းဖျစေပါ" ဟု ဖော်ပြလိုခြင်းဖြစ်သည်။ ဤကျမ်းပိုဒ်က ယုံကြည်သူများကို အသင်းတော်တွင်ရှိသော ဦးဆောင်သူများ၏ ဩဇာအာဏာသို့ "ဆက်ကပ်" ရန် လမ်းညွှန်ထားပါသည်။ "နာခံခြင်း" စကားလုံးသည် ဂရိစကားအားဖြင့် "ဆက်ကပ်ခြင်း" ဟူသောစကားလုံးကို ဤနေရာတွင် အသုံးမပြုခဲ့ပေ။ စာရေးသူက ဂရိစကားလုံး hupeiko ကို ရွေးချယ်အသုံးပြုခဲ့ သည်။ "လက်မြောက်အရှုံးပေးအပ်နှံခြင်း၊ အသီးများစွာထုတ်လုပ်ခြင်း" ဟု အဓိပ္ပာယ်ရသည်။ သို့သော် ဤကဲ့သို့ လုပ်ဆောင်ခြင်းသည် တိုက်ခိုက်မှုနှင့် ရင်ဆိုင်ပြီးနောက် လုပ်ဆောင်ရန်အတွက်ဖြစ်ပါသည်။ စစ်တိုက်ရာတွင် အသုံးပြုသောစကားလုံးဖြစ်သည်။ hupeiko ဟူသောစကားလုံးသည် General Robert E.Lee က သူ၏ စစ်သားများကို Appomadox ထံသို့ အရှုံးပေးဆက်ကပ်ရန် စာရေးသောအခါ အသုံးပြုသောစကားလုံးဖြစ်သည်။ အားသွန်ခွန်စိုက်ခြင်းပြုသော သက်တမ်းလေးနှစ်အကြာတွင် ခွန်အားနှင့် ခံနိုင်မှုစွမ်းအား လျော့နည်းလာသည်ဟု ကောက်ချက်ချခဲ့သည်။ Northern Virgina တို့၏ ကြည်းတပ်တို့သည် စစ်သားအင်အားတောင့်တင်းသော အဖွဲ့နှင့် လက်နက်အင်အားတောင့်တင်းသော အဖွဲ့သို့ဆက်ကပ်ရန်အကြောင်းပေါ်ပေါက်ခဲ့သည်။

ထို့ကြောင့် ဘုရားသခင်၏ သိုးစုတို့က သိုးထိန်းများထံသို့ "ဆက်ကပ်ရန်" (peitho) နှလုံးသားကို ဖွင့်ဟဖို့လိုအပ်သည်။ ဆွေးနွေးတိုင်ပင်ခြင်းနှင့် သွန်သင်ခြင်းများ ကျင်းပပြုလုပ်သောအခါ သိုးစုတို့က သူတို့၏ဦးဆောင်သူများလမ်းပြမှုကို "နားလည်သဘောပေါက်" (peitho) ရမည်ဖြစ်သည်။ အသိဉာဏ်ခေါင်းပါးသောကျွန်သည် ဓမ္မသစ်ကျမ်းတွင် ဖော်ပြထားသော သင်းထောက်လူကြီးများနှင့် သင်းဝင်သူယုံကြည်သူများအကြား ဆက်ဆံရေးထဲတွင် ရှားရှားပါးပါး တွေ့ရှိရသည်။ သို့သော် လူတစ်ချို့ သို့မဟုတ် အနည်းငယ်သော လူတစ်ချို့တို့က သိုးစုများထဲတွင် ဖျောင်းဖျသွေးဆောင်၍မရသောအချိန် ရောက်လာလိမ့်မည်။ ပိတ်ဆို့လျက်ရှိသောလမ်းကဲ့သို့ ရပ်တန့်သည့်အချိန်လည်းရောက်လာလိမ့်မည်။ ထိုကဲ့သို့ ပိတ်ဆို့သောလမ်းများ ပြန်ဖွင့်လာသောအခါ စိတ်သဘောထားကွဲလွဲသူများသည် အသင်းတော်တွင်ရှိသော ဦးဆောင်သူများသည် ပညာအပေါ် "ဆက်ကပ်ခြင်း၊ ပြုစုစောင့်ထိန်းခြင်း" (hupeiko) ရှိလိမ့်မည်ဖြစ်သည်။

ဤကဲ့သို့သောနည်းလမ်းဖြင့် ဓမ္မသစ်စာအုပ်ရေးသူတို့၏အသင်းတော်တွင်ရှိသော ယုံကြည်သူများအား တိုက်ရိုက်ရေးသားတောင်းဆိုချက်များစွာကို တွေ့ရှိနိုင်သည်။ သူတို့က ယုံကြည်သူများကို "ရာထူးအဆင့်အတန်း" ခွဲခြား၍ ဆက်ဆံခြင်းမပြုခဲ့ပေ။ တမန်တော်များက အမိန့်နှင့်တရားဥပဒေမှ ထုတ်ပြန်သောအာဏာအမိန့်ကို (စစ်ဗိုလ်များအမိန့်ပေးသည့်နည်းတူ) အသင်းသားများအပေါ် မရှိခဲ့ပေ။ သို့သော်သူတို့က တစ်ခြားယုံကြည်သူများကို တန်းတူရည်တူဆက်ဆံပြီး ထိုသူတို့ကို ဤကဲ့သို့ တိုက်ရိုက်တောင်းဆိုခဲ့သည်။ ဒေသန္တရအသင်းတော်တွင်လည်း ထိုနည်းတူ ဦးဆောင်သူများက ဦးဆောင်ခဲ့သည်ကို သံသယမရှိတော့ပေ။ သူတို့၏အခြေခံကျသော ဩဇာအာ

ဏာသည် စစ်ဗိုလ်များကျင့်သုံးသော အာဏာနှင့်မတူပေ။ စစ်သားများက ရာထူးအဆင့်အတန်းကို ကြည့်ပြီး လေးစားကာ သာမန်လူများကို လေးစားမှုမရှိပေ။

ဟေဗြဲ ၁၃း၇ ထဲတွင် ဖော်ပြထားသော ဦးဆောင်ခြင်း "နည်းဗျူဟာ" ကို အသင်းတော်တွင် ခန့်အပ်ခြင်းခံရသော သင်းထောက်လူကြီးများက စီမံဆောင်ရွက်ပြီး ၎င်းသည် နမူနာယူရန်အတွက် အခြေခံကျသော လမ်းညွှန်ချက်ဖြစ်သည်။ "သင်တို့၏ ဦးဆောင်မှုများကို အောက်မေ့ ပါ။ ထိုသူတို့၏ အသက်ရှင်ခြင်းနည်းလမ်းကို တွေးတောပြီးသူတို့၏ ယုံကြည်ခြင်းကို နမူနာယူ လော" ဟု ဖော်ပြထားပါသည်။ ထိုနည်းတူ ၁သက် ၅း၁၂–၁၃ က ဦဆောင်သူများကို လေးစား ရမည်ဟု ဖော်ပြထားပါသည်။ အဘယ်ကြောင့်ဆိုသော် ရာထူးအဆင့်အတန်းကြောင့် မဟုတ်၊ သူတို့၏လုပ်ဆောင်မှုပေါ်တွင် သစ္စာရှိခြင်းအပေါ်တွင် မူတည်၍ သူတို့ကိုလေးစားရမည်။ "သူတို့၏လုပ်ဆောင်မှုကြောင့် ချစ်ခြင်းမေတ္တာထဲ၌ သူတို့ကိုမြင့်သောရာထူးရှိသူကဲ့သို့ လေးစားရမည်။" ယေရှုက "သင်တို့သိသည်အတိုင်း လောကီမင်းတို့သည် အစိုးတရပြုတတ်ကြ၏။ သင်တို့မူကား ထိုသို့မပြုကြနဲ့။ လူသားသည် သူတပါးစေခြင်းငှါမလာ။ သူတပါးအစေကို ခံခြင်းငှါ၎င်း၊ မိမိအသက်ကိုစွန့်၍ လူများကိုရွေးခြင်းငှါ၎င်း၊ ကြွလာသည်ဖြစ်၍ ထိုနည်းတူ သင်တို့တွင် အကဲအမှူးပြုလိုသောသူကို သင်တို့အစေခံဖြစ်စေ။ သင်တို့တွင် အထက်အမြတ်လုပ်ချင်သောသူကို လည်း သင်တို့ကျွန် ဖြစ်စေဟု မိန့်တော်မူ၏ (မဿဲ ၂၀း၂၅–၂၈)။

ဓမ္မသစ်ကျမ်းထဲတွင် ဖော်ပြထားသော "အသင်းတော်" သည် ကမ္ဘာတစ်ဝှမ်းလုံး၌ရှိသော ယုံကြည်သူတိုင်း မြို့ထဲတွင်ရှိသော အသင်းတော်များနှင့် အိမ်အသင်းတော်များကို ဖော်ပြလိုခြင်းဖြစ်သည်။ ယုံကြည်သူများ စုရုံးရာနေရာတစ်ခုထက် ကြီးမားသောတခြားအသင်းတော်အဖွဲ့အစည်း မရှိတော့ပေ။ တခြားအသင်းတော်ပေါ်တွင် တရားစီရင်ပိုင်ခွင့် သို့မဟုတ် အာဏာရှိပိုင်ခွင့် ရရှိသောအသင်းတော် မရှိပေ။ (သို့သော် ဝိုင်းဝန်းပါဝင်လုပ်ဆောင်ခြင်းဖြင့် ပူးပေါင်းကူညီသော အသင်းတော်ရှိနိုင်သည်)။ အိမ်အသင်းတော်တိုင်း၌ အကြံပေးခြင်းအားဖြင့် ဦးဆောင်ဖို့ရန်အတွက် သင်းထောက်လူကြီး ကိုယ်စီရှိကြသည်။ မြို့ကြီးထဲတွင်ရှိသော အသင်းတော်၌ ခန့်အပ်ခြင်းခံရ သော သင်းထောက်လူကြီးအယောက်စီတိုင်း၌ ရှိသောအာဏာနှင့် တခြားအသင်းတော်တွင် ခန့်အပ်ခြင်းခံရသော တခြားသင်းထောက်လူကြီးတို့ ပိုင်ဆိုင်သောအာဏာသည် တူညီသည်။ (Senior pastorl ဂိုဏ်းချုပ်ကို အုပ်ချုပ်သူဟူ၍ မရှိပေ)။ ခေါင်းဆောင်တစ်ဦး၏ အခြေခံကျသော ဩဇာအာဏာသည် သမ္မာတရားကို လိုက်စားခြင်းအားဖြင့် ရရှိသောအစွမ်းအစပေါ်တွင် အခြေခံရမည်ဖြစ်သည်။ သူသည် စံပြနမူနာ ယူထိုက်သော ပုဂ္ဂိုလ်အဖြစ် ဦးဆောင်ရမည်။ အသင်းတော်ပေါ်တွင် "ဘုရင်အဖြစ်ဦးဆောင်ခြင်း" မျိုးမဟုတ်ပေ။ အသင်းတော်၌ အုပ်ချုပ်မှုစနစ်သည် သိုးထိန်းသူများနှင့် သိုးများကြားထဲတွင် ပေါ်ပေါက်သော အပြန်အလှန်တန်ခိုးကြီးမားစွာ လုပ်ဆောင်ခြင်း၊ တစ်ဦးနှင့်တစ်ဦး လေးစားကာ ကူညီဖေးမခြင်းနှင့် သင့်လျော်စွာ ဆက်ဆံခြင်းဖြစ်သည်။

ဦးဆောင်ခြင်းနှင့် ပတ်သက်၍ သခင်ယေရှုမိန့်မှာချက်မှ စတင်ရမည်။ ထို့နောက် သင်းထောက်လူကြီးတစ်ပါး၏ ဩဇာအာဏာအပေါ် ကျွန်ုပ်တို့၏ နားလည်သဘောပေါက်ခြင်းဖြင့် တုံ့ပြန်မှုဖြင့် အဆုံးသတ်ရမည်။ Hal Miller က ဤသို့ပြောခဲ့ပါသည်။ "သခင်ယေရှုက သူ၏နောက်လိုက်တပည့်တော်များကို သူတို့၏ အတွေ့အကြုံနှင့် တခြားအဖွဲ့အစည်း၏ အတွေ့အကြုံ များ နှိုင်းယှဉ်ကာ ဩဇာအာဏာနှင့်ပတ်သတ်၍ မှားယွင်းစွာသွန်သင်ခဲ့သည်။ သူက ဟေလသလူမျိုးတို့၏ ဘုရင်များက သူတို့၏တိုင်းသူပြည်သားများအပေါ် ဘုရင်လုပ်ကာ သူတို့ကိုသူတို့ "ကောင်းမှုကုသိုလ်ပြုသူများ" အဖြစ်ခေါ်ခြင်းအားဖြင့် ကောင်းသောသဏ္ဍာန်ကို ဆောင်သည်ဟု ပြောခဲ့ပါသည်။ သူတို့၏ ဩဇာအာဏာကို အသုံးပြုကာ သူတို့၏ကောင်းကျိုးအတွက် တိုင်းသူပြည်သားများကို မရမကသွေးဆောင်ခဲ့သည်။ သို့သော်အသင်းတော်၌ ထိုကဲ့သို့ မပြုအပ်ပေ။ တစ်ဘက်တွင် ဦးဆောင်သောသူသည် အစေခံကျွန်ကဲ့သို့ ဦးဆောင်ရမည်ဖြစ်ပြီး အုပ်ချုပ်သူသည်

လည်း အငယ်ဆုံးသောသူကဲ့သို့ ဖြစ်ရမည်ဖြစ်သည် (လု ၂၂း၂၄-၂၇)။ ထိုကဲ့သို့ ပြုပါက အငယ်ဆုံးသောသူနှင့် ကျွန်များသည် စ.ကားအားဖြင့်ဦးဆောင်မှုဖြစ်သော ဩဇာအာဏာအုပ်စိုးမှု အောက်မှ လွတ်မြောက်သောသူများအကြား ဦးဆောင်မှုနှင့် ကိုက်ညီသည်။

**သင်းထောက်လူကြီးများခန့်အပ်ထားခြင်း**

**The Appointment of Elders**

သင်းထောက်လူကြီးများကို မည်ကဲ့သို့ ခန့်အပ်သင့်သနည်း။ ရှင်ပေါလုက သင်းထောက်လူကြီးများ ရှိသင့်သောအရည်အချင်းများကို ရှည်လျားစွာ တင်ပြထားခဲ့သည် (၁တိ ၃း၁-၇၊ တိ ၁း၅-၉)။ သင်းထောက်လူကြီးဖြစ်လိုသောဆန္ဒနှင့် သင်းထောက်လူကြီးတစ်ဦးအဖြစ် စွမ်းဆောင်နိုင်ခြင်းသည် သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်ဖြစ်သည် (တမန် ၂၀း၂၈)။ သူတို့သည် ဤကဲ့သို့သော အရည်အချင်းတို့ဖြင့် ဆန်းစစ်ပြီးမှ သင်းထောက်လူကြီးများကို ရွေးချယ်ခန့်အပ်ခြင်းပင်ဖြစ်သည်။ တမန် ၁၄း၂၃ တွင် ပေါလုနှင့် ဗာနဗတို့က သင်းထောက်လူကြီးများ ရွေးချယ်ခန့်အပ်ခဲ့သည်။ တိတုသည် Crete မြို့၌ ကျန်ရစ်ကာ ထိုမြို့၌ သင်းထောက်လူကြီးများ ခန့်အပ်ခဲ့သည် (တိ ၁း၅)။ Nee တွေ့ရှိခဲ့အတိုင်း "သူတို့သည် အသင်းတော်၌ စီမံကွပ်ကဲရန်အတွက် သန့်ရှင်းသောဝိညာဉ်တော် ခွဲခန့်မှတ်ထားပြီးသောသူများကို သင်းထောက်လူကြီးအဖြစ် တင်မြောက်ခန့်အပ်ခဲ့သည်။" (The Normal Christian Church Life, p-41)

တမန်တော်များ (သာသနာပြုသူများ/အသင်းတော်တည်ထောင်သူများ)က သင်းထောက်လူကြီးများ ခန့်အပ်ခဲ့ပြီးနောက် အချိန်ကြာသောအခါ သင်းထောက်လူကြီးများကို မည်ကဲ့သို့ ရွေးချယ်ခန့်အပ်ခဲ့ပြီး မည်ကဲ့သို့ ရွေးချယ်ခန့်အပ်ခဲ့သည်ကို ဖော်ပြထားခြင်း မရှိတော့ပေ။ တမန် ၁း၁၅-၂၆ နှင့် ၆း၁-၆ ထဲတွင်ရှိသော နည်းဥပဒေသအတိုင်း သင်းထောက်လူကြီးများကို အသင်းတော်တွင်ရှိသော ယုံကြည်သူများက ရွေးချယ်ခြင်းဖြစ်သည်ဟု လက်စွဲပြုကာ နိဂုံးချုပ်ပေသည် (၁တိ ၃း၁-၇ ထဲတွင် သင်းထောက်လူကြီးတစ်ဦး၏ အရည်အချင်းဖော်ပြထားသည့် အတိုင်း)။ သင်းထောက်လူကြီးများ၏ ဦးဆောင်မှုအောက်တွင်၎င်း၊ နယ်လှည့်အမှုတော်ဆောင်များ ၏ အကြံပေးခြင်းများအားဖြင့်၎င်း၊ ဒေသန္တအသင်းတော်တွင်ရှိသော ယုံကြည်သူများက သင်းထောက်လူကြီးများ ခန့်အပ်ရွေးချယ်ခြင်း အမှုပြုသည်ဟု မှန်သောတရားကို ကြားသိပါလိမ့်မည်။

**ရုံး၌အမှုတော်ဆောင်များကဦးဆောင်ခြင်းအ**

**The Presbytery**

အသင်းတော်တစ်ပါးအတွက် သင်းထောက်လူကြီးတစ်ဦးသာ ခန့်ထားရမည်လော။ အသင်းတော်တစ်ပါးအတွက် သင်းထောက်လူကြီးတစ်ချို့ခန့်ထားရမည်လော။ သို့မဟုတ် အသင်းတော်တစ်ချို့များတွင် သင်းထောက်လူကြီးတစ်ဦးသာ ခန့်ထားရမည်လော။ တမန် ၁၄း၂၃ ထဲတွင် ပေါလုနှင့်ဗာနဗ တို့က "အသင်းတော်တိုင်းတွင် သင်းထောက်လူကြီးများ ခန့်အပ်ထားခဲ့ ပါသည်။" အသင်းတော်တိုင်းတွင် သင်းထောက်လူကြီးများရှိသည်ဟု သမ္မာကျမ်းစာက ထောက်ခံပံ့ပိုးသည်။ သို့သော်လည်း ဓမ္မသစ်ကျမ်းထဲ၌ ဖော်ပြထားသော အသင်းတော်တစ်ပါး တွင် သင်းထောက်လူကြီး အများအပြားခန့်ထားခြင်းနှင့် ပတ်သတ်၍ ရှုပ်ထွေးမှုတွေ တွေ့ရှိရ သည်။ ဓမ္မသစ်ကျမ်းထဲတွင် မြို့တစ်ခု၌ အသင်းတော်တစ်ပါးသာရှိသည်ဟု တခါတရံဖော်ပြထား ပါသည်။ ဥပမာအားဖြင့်ဖော်ပြရလျှင် တမန် ၈း၁ က "ယေရုရှလင်မြို့၌ရှိသောအသင်းတော" ဟု ဖော်ပြထားပါသည်။ ပေါလုက "ကောရိန္တုမြို့တွင် ရှိသော ဘုရားသခင်၏ အသင်းတော်" သို့ စာရေးခဲ့သည် (၁ကော ၁း၂)။ ထို့နောက် "သက်သလောမြို့၌ရှိသော အသင်းတော်" သို့လည်း သူစာရေးခဲ့သည် (၁သက်

၁း၁)။ ယေရှုက ယောဟန်ထံ Smyrna မြို့၌ရှိသော အသင်းတော် "တစ်ခုတည်း" Pergamum မြို့၌ရှိသော အသင်းတော် "တစ်ခုတည်း" များကို စာရေးရန် ပြောခဲ့ပါသည် (ဗျာ ၂း၁၊ ၈၊ ၁၂၊ ၁၈၊ ၃း၁၊ ၇၊ ၁၄)။ ထို့ကြောင့် ကျမ်းစာက Atlanta မြို့တွင် အသင်းတော်တစ်ပါး၊ London မြို့တွင် အသင်းတော်တစ်ပါး၊ Moscow မြို့ တွင် အသင်းတော်တစ်ပါး စသဖြင့်ရှိသည်ဟု ဖော်ပြထားပါသည်။

တစ်ဘက်တွင် ကျယ်ဝန်းသောနယ်မြေတစ်ခုကို ဖော်ပြလိုသောအားဖြင့်၊ သမ္မာကျမ်းစာက "အသင်းတော်များ" (အများကိန်း)ဟု ယေဘုယျအားဖြင့် ဖော်ပြထားပါသည်။ ဥပမာအားဖြင့် "အာရှနယ်တခွင်၌ရှိသော အသင်းတော်များ" (၁ကော ၁၆း၉)၊ Macedonian မြို့၌ရှိသော အသင်းတော်များ" (၂ကော ၈း၁)၊ "ဂလာတိမြို့၌ရှိသောအသင်းတော်များ" (ဂလာ ၁း၁)၊ " Judea မြို့၌ရှိသော အသင်းတော်များ" (ဂလာ ၁း၂၂) စဖြင့် ဖော်ပြထားပါသည်။ ထို့ကြောင့် ဓမ္မသစ်ကျမ်းထဲတွင် နိုင်ငံတော်နှင့် သက်ဆိုင်၍ အသင်းတော်အဖွဲ့အစည်း သို့မဟုတ် နယ်ပယ်ဒေသနှင့်ဆိုင်သော အသင်းတော်အဖွဲ့အစည်းဟူ၍ မတွေ့ရပေ။ အသင်းတော်များ ကွဲပြားမှု၏ တစ်ခုတည်းသော အပေါင်းလက္ခဏာပြသော ယူဆချက်သည် ပထဝီဝင်အနေအထားပေါ်မူတည်၍ တည်နေရာ မတူခြင်းကြောင့်ပင်ဖြစ်သည်။ ဟုတ်ပါ၏။ ယုံကြည်သူအားလုံးပါဝင်သော စကြာဝဠာ အသင်းတော်ဖော်ပြခြင်းကို သမ္မာကျမ်းစာထဲတွင် တွေ့ရှိရသည် (ဧ ၁၁း၂၂–၂၃၊ ၁၀၊ ၂၁၊ ၅း၂၂–၃၂၊ ကော ၁း၁၈)၊ သို့သော် စကြာဝဠာအသင်းတောကို မျက်စိဖြင့်မြင်တွေ့၍ မရပေ။ ဝိညာဉ်ပိုင်းဆိုင်ရာ အသင်းတော်ပင်ဖြစ်ပါသည်။ ဤလောကမျက်စိဖြင့် မြင်တွေ့နိုင်သော စကြာဝ ဠာ အသင်းတော်မရှိပေ။

ဓမ္မသစ်ကျမ်းကို သေချာစွာလေ့လာဆန်းစစ်သောအခါ ခရစ်တော်သည် အသင်းတော်၏ ဦးခေါင်းဖြစ်ကာ ထိုအောက်တွင် အသင်းတော်အားလုံးတို့သည် တလုံးတဝဖြစ်သော်လည်း အပြင်ပန်းသဏ္ဍာန်အားဖြင့် မျက်ဝါးထင်ထင်တလုံးတဝတည်းအဖြစ် ဖွဲ့စည်းထားသော အသင်းတော် အဖွဲ့အစည်းဟူ၍ မရှိပေ။ တစ်ချို့သောအသင်းတော်များသည် ဘယ်သူမှ ခိုင်းစရာမလိုမပ်ပဲ အဖွဲ့အစည်းအဖြစ် စုစည်းထားသော်လည်း အသင်းတော်တိုင်းက ကိုယ်ပိုင်အုပ်ချုပ်ရေးစနစ် ကိုယ်စီရှိကြသည်။ အတွင်းကျကျဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ခုရှိသည်။ ၎င်းသည် ဘုရားသခင်၌ ဝိညာဉ်ပိုင်းဆိုင်ရာ တလုံးတဝဖြစ်ခြင်းပင်ဖြစ်သည်။ အပြင်ပန်းသဏ္ဍာန်အားဖြင့် အုပ်ချုပ်ရေး၌ လွတ်လပ်မှုရှိသော်လည်း သူတို့သည် တစ်ဦးပေါ်တစ်ဦး မှီခိုသောသူများဖြစ်ကြသည် (၂ကော ၈–၉)။ ဒဿနိက ဆန်ဆန်ဖြင့်တွေးလျှင် ကမ္ဘာပေါ်တွင် အသင်းတော်တစ်ခုတည်းရှိသကဲ့သို့ မြို့ တစ်ခုတွင် အသင်းတော်တစ်ခုတည်းသာ ရှိပါသည်။ ထို့နောက် စကြာဝဠာအသင်းတော်သည် ရုပ်လုံးပေါ်အောင် ဖွဲ့စည်းထားခြင်းမဟုတ်ပဲ စိတ်အာရုံတွင်သာရှိသော အသင်းတော်ဖြစ်ပါက မြို့ ထဲ၌ရှိသောအသင်းတော်သည်လည်း အပြင်ပန်းသဏ္ဍာန်အားဖြင့် ဖွဲ့စည်းထားခြင်းမဟုတ်ပဲ စိတ်အာရုံ၌သာရှိသော အသင်းတော်ပင်ဖြစ်သည်။

နောက်ဆုံးအနေဖြင့် မြို့ထဲတွင် ဖွဲ့စည်းတည်ထောင်ခြင်းမဟုတ်သော အသင်းတော်များ လည်းရှိပါသည်။ မြို့တိုင်းတွင်ရှိသော အိမ်အသင်းတော်အဖွဲ့အစည်း များစွာရှိသည် (ရော ၁၆း၅၊ ၁ကော ၁၆း၁၉၊ ဖိလိ ၂၊ ကော ၄း၁၅)။ အိမ်တွင်စုစည်းထားသော အိမ်အသင်းတော်များ၏ တစ်ဦးနှင့်တစ်ဦးအကြား ဆက်နွယ်ခြင်းသည် မြို့ထဲ၌ရှိသော အသင်းတော်များတစ်ပါးနှင့်တစ်ပါး ဆက်နွယ်ခြင်းနှင့် ဆင်တူလျက်ရှိသည်။ ၎င်းတွင် ခရစ်တော်သည် ဦးခေါင်းဖြစ်၍ ၎င်းအောက် တွင် အားလုံးသည် တလုံးတဝဖြစ်ခြင်းပင်ဖြစ်သည်။ သို့သော် အပြင်ပန်းသဏ္ဍာန်အားဖြင့် မျက်ဝါးထင်ထင်စုစည်းထားသော အသင်းတော်ဟူ၍ မရှိခဲ့ချေ။ သူတို့သည် ကိုယ့်မင်းကိုယ်ချင်းရှိကြသော်လည်း တစ်ဦးနှင့်တစ်ဦး ပူးပေါင်းကူညီဖေးမခြင်းအားဖြင့် မှီခိုသောသူများဖြစ်ကြပါသည်။

သို့ဆိုသော်မြို့ထဲတွင်ရှိသော အသင်းတော်များတွင် သင်းထောက်လူကြီးအများအပြားက အမှုထမ်းသလော။ သို့မဟုတ် သူတို့သည် ကိုယ်ပိုင်အသင်းတော်များ၌သာ အမှုထမ်းသလော။ (ဖိ

၁း၁၊ ၁တိ ၄း၁၄နှင့် တိ ၁း၅ တို့ကို ဖတ်ရှုသောအခါ ထိုသင်းထောက်လူကြီးတို့သည် အတူတကွပူးပေါင်းလုပ်ဆောင်ခဲ့သည်ကို တွေ့နိုင်ပါသည်။ သို့သော် သူတို့၏ ပူးပေါင်းပါဝင်လုပ်ဆောင်ခြင်းသည် ရုံးအဖွဲ့အစည်းမှ အုပ်ချုပ်ခြင်းမျိုးကဲ့သို့ဖြစ်သည်ဟု အဆုံးသတ်ပါက မှားယွင်းမှုရှိနိုင်သည်။ သင်းထောက်လူကြီးတို့၏ အခြေခံကျသော ဩဇာအာဏာသည် သူတို့၏ သမ္မာကျမ်းစာလိုက်စားမှုအပေါ် သိနားလည်နိုင်သော အရည်အချင်းပေါ်တွင် အခြေခံခြင်းကြောင့်လည်းကောင်း၊ တစ်ဦးကိုတစ်ဦးလေးစားခြင်းအားဖြင့် ရရှိသောလေးစားမှု ရရှိခြင်းကြောင့်၎င်း၊ အသင်းတော်အဖွဲ့များပေါ်တွင် သင်းထောက်လူကြီးများသည် ရုံးအဖွဲ့အုပ်ချုပ်သည့် နည်းတူ အုပ်ချုပ်နိုင်ဖို့ရန်အတွက် ဘယ်နည်းလမ်းမှမရှိပေ။ အသင်းတော်တိုင်းတွင် ကိုယ်ပိုင်သင်းထောက်လူကြီးကိုယ်စီ ရှိကြပါသည်။ ဤကဲ့သို့ ကူးပြောင်းတတ်သော အခြေအနေကြောင့် အိမ်အသင်းတော်များ၌ သင်းထောက်လူကြီးခန့်အပ်ရန် အရည်အချင်းပြည့်မီသောသူ တစ်ဦးမှမရှိတော့ပေ။ ထို့ကြောင့် အသင်းတော်တည်ထောင်သူများ၊ သာသနာပြုသူများ၊ ထိုအသင်းတော်နှင့် နီးစပ်သော သင်းထောက်လူကြီးများနှင့် သွန်သင်ပေးသော သင်းအုပ်ဆရာတို့က အိမ်အသင်းတော်များ၏ ယာယီဦးဆောင်ခြင်းများကို ကွပ်ကဲဦးဆောင်ပေးထားပါသည်။ ဓမ္မသစ်ထဲ၌ရှိသော အိမ်အသင်း တော် ဦးဆောင်ခြင်းစနစ်သည် ညီအစ်ကိုရင်းချာပမာဦးဆောင်ခြင်း၊ တစ်ဦးနှင့်တစ်ဦး မှီခိုခြင်း အားဖြင့် ဦးဆောင်ခြင်း၊ တစ်ဦးပေါ်တစ်ဦးဆက်ကပ်အပ်နှံခြင်းအားဖြင့် ဦးဆောင်ခြင်းနှင့် သာသနာလုပ်ငန်း၌ အပြန်အလှန်လုပ်ဆောင်ခြင်းအားဖြင့် ဦးဆောင်ခြင်းမျိုးဖြစ်ပါသည်။

**နိဂုံး (Conclusion)**

သင်းထောက်လူကြီးများ၏ သာသနာလုပ်ငန်းနှင့် ဩဇာအာဏာအတွက် သမ္မာကျမ်းစာ ဖော်ပြထားသည့်အတိုင်း Harvey Bluedorn က အကောင်းဆုံးသော အနှစ်ချုပ်ခြင်းကို ရေးသား တင်ပြခဲ့သည်။

**၁။ ဓမ္မသစ်ကျမ်းဖော်ပြချက် (NT Stardard) -** မောရှေအား တဲတော်တည်ဆောက်သည့်ပုံစံကို ပြသခဲ့သည့် နည်းတူ (ထွက် ၂၅း၉၊ ၄၀၊ ၂၆း၃၀၊ ၃၉း၄၂၊ ၄၃၊ တ ၇း၄၄၊ ဟေဗြဲ ၈း၅၊ ဒါဝိဒ်မင်းကြီးအား ဗိမာန်တော်တည်ဆောက်သည့် ပုံစံကို ပြသခဲ့သည့်နည်းတူ (၂ရာဇ ၂၈း၁၁–၁၃၊ ၁၉)၊ ဓမ္မကျမ်း ထဲတွင် ဘုရားသခင်၏ ဗိမာန်တော်ဖြစ်သော စုရုံးခြင်းအစည်းအဝေးတည်ဆောက်သည့် ပုံစံကိုပြ ထားခဲ့သည် (၁ကော ၃း၉၊ ၁၆၊ ၁၇၊ ၆း၁၉၊ ၂၀၊ ၂ကော ၆း၁၆၊ ဧ ၂း၂၁၊ ၂၂၊ ၄း၁၃–၁၆၊ ၁တိ ၃း၁၅၊ ၁ပေ ၂း၅၊ ၉၊ ဗျာ ၁း၆၊ ၃း၁၂၊ ၅း၁၀၊ ၂၀း၆)။

**၂။ အစေခံခြင်းဖြင့်ဦးဆောင်သူများ (Servant Leaders –** စုရုံးခြင်းတွင် အဓိက ကိစ္စရပ်များရေးဆွဲလုပ်ဆောင်သူ များသည် ခေါင်းဆောင်များဖြစ်သည်။ သခင်ယေရှုက လူထုပရိသတ်များထဲတွင် လူတစ်ချို့ကို ရွေးကောင်ပြီး ထိုသူတို့ကို ဖော်ပြထားခဲ့သော ခေါင်းဆောင်တစ်ဦး၏ အရည်အချင်းများနှင့် စံချိန်ပြည့်မီနိုင်ဖို့ရန်အတွက် ပြုစုပျိုးထောင်ပေးသည်။ သူတို့သည် မလွဲမရှောင်နိုင်ဘဲ သင်းဝင်သူ များကြားမှ ထွက်ပေါ်လာပြီး ၎င်းအဖွဲ့၏ ရှေ့တွင် ဘုရားသခင်၏ရွေးကောင်သူများအဖြစ် ထင်ရှားစွာ တွေ့မြင်နိုင်ပါလိမ့်မည်။ ဘုရားသခင်ဆုပေးအပ်ထားသည့်အတိုင်း ထိုသူတိုက၏ ဦးဆောင်လမ်းပြမှု၊ သွန်သင်ဆုံးမမှုနှင့် စံပြနမူနာအဖြစ် အသက်ရှင်မှုများကို ပရိသတ်များက အသိအမှတ်ပြု နာခံရမည်ဖြစ်သည်။

ဤကဲ့သို့သော အစေခံများကို သင်းထောက်လူကြီးများ၊ ကြီးကြပ်ကွပ်ကဲသူများ သို့မဟုတ် သိုးထိန်းများ၊ သွန်သင်သည့်ဆရာများဟု ခေါ်ပါသည် (တိ ၁း၅၊ ဧ ၄း၁၁)

**၃။ များစွာသောသင်းထောက်လူကြီး (Multiple Elders)–** အသစ်သောအဖွဲ့အစည်းများကြားထဲတွင် တခါတရံ ဘုရားသခင်က သင်းထောက်လူကြီးများကို ပြုစုပျိုးထောင်ပေး၍ အရည်အချင်းများ ချပေးနိုင်သော် လည်း (လု ၁၂း၄၂၊ ၁ကော ၄း၂၊ ၁တိ ၃း၆၊ ၁၀၊ ၅း၂၂၊ တိ ၁း၅၊ ဟေဗြဲ ၅း၁၂၊ ၁၃)၊ စုရုံး လျက်ရှိသော သင်းဝင်သူများကြားထဲမှ သင်းထောက်လူကြီး အများအပြားသာမာန်အားဖြင့် ပေါ် ထွက်ပါလိမ့်မည် (တမန် ၁၄း၂၃)။ သင်းအုပ်ဆရာနှင့် သင်းထောက်လူကြီးများကလွဲ၍ အထူးသဖြင့် ဟောပြောခြင်းနှင့် သွန်သင်ခြင်းတာဝန်ယူ အားထုတ်သူတစ်ချို့ရှိသည် (ဧ ၄း၁၁၊ ၁သက် ၅း၁၂၊ ၁၃၊ ၁တိ ၅း၁၇)။

**၄။ လုံးဝသဘောတူခြင်းအားဖြင့်ဆုံးဖြတ်ခြင်း (Decision by full agreement) –** သင်းဝင်သူအားလုံးတို့၏ ကိုယ်စားလှယ်ဖြစ် သော သင်းထောက်လူကြီးတို့၏ အကြံပေးချက်နှင့် ဆွေးနွေးတိုင်ပင်ခြင်းအပေါ် သင်းဝင်သူအား လုံးတို့၏ သဘောတူညီခြင်းအားဖြင့် ဆုံးဖြတ်ချက်ချမှတ်သည်။ ဖြစ်ပေါ်နိုင်သော ယူဆချက် သည် လုံးဝသဘောတူခြင်းအားဖြင့် သင်းထောက်လူကြီးများအပါအဝင် တချို့သောသူများကိုယ်စား လူများက ဆုံးဖြတ်ချက်ချနိုင်သည်။ သို့သော်သူတို့က ဆုံးဖြတ်ချက် ချနိုင်သော အခွင့်အာဏာ ရှိရမည်။ သို့မဟုတ် ဤကဲ့သို့သော ဆုံးဖြတ်ချက်များ ချမှတ်နိုင်ဘို့ရန်အတွင် မူဝါဒရှိရမည်။ ထို့နောက် ဆုံးဖြတ်ချက်များ ချနိုင်ရန် ကိုယ်စားပြုသော သင်းဝင်သူများအား ထိုဆုံးဖြတ်ချက် များကို မစီရင်ခံပြီး ထိုဆုံးဖြတ်ချက်များကို သင်းဝင်သူများအား စေ့စပ်သေချာစွာ ရှင်းပြရမည်။

**၅။ သင်းထောက်လူကြီးတို့သည် အစေခံများဖြစ်ကြသည်၊သခင်များမဟုတ်ပေ (Elders are servants, not lords)** – ခရစ်တော် က စုရုံးလျက်ရှိသော သင်းဝင်သူအားလုံးတို့ကို တစ်ဦးနှင့်တစ်ဦး အပြန်အလှန်သဘောတူညီဘို့ ရန်အတွက်သော်လည်းကောင်း၊ သဘောထားညီညွတ်ဘို့ရန်အတွက်သော်လည်းကောင်း၊ တစ်လုံး တစ်ဝဖြစ်နိုင်ဘို့ရန်အတွင်သော်လည်းကောင်း ပို့ဆောင်သည့်နည်းတူ ထိုသူတို့၏ နှလုံးသားတို့ သည် အသစ်တဖန်မွေးဖွားရေးနှင့် စိတ်သစ်ကိုယ်သစ်ဖြစ်ရေးအတွက် သူ၏လူများကြားထဲ၌ သူ ပြောဆိုသောစကားတို့၌ သူ၏ဝိညာဉ်ကို ထိန်းချုပ်လျက်ရှိသည်။ သင်းထောက်လူကြီးတို့သည် နှုတ်ကပတ်တော်စီမံဆောင်ရွက်ပေးသူ၊ နမူနာပြသသူနှင့် သူပေးသောမိန့်ခွန်းကို ရှိသေသူ၊ သူ တောင်းဆိုသောစကားကိုသာ ရှိသေသူမဟုတ်သော အစေခံကျွန်ဖြစ်သူကဲ့သို့ဖြင့် ဦးဆောင်သည်။ သင်းထောက်လူကြီးတို့သည် အာဏာကိုလျော့လျော့ပေါ့ပေါ့ပြုကာ မဦးဆောင်ရပေ။ သူတို့၏ ဦးဆောင်မှု ဘဏ္ဍာသည် အကြံပေးနိုင်ရမည်။ စီမံကွပ်ကဲနိုင်ရမည်။ သခင်များစွဲကိုင်သည့် ဩဇာ အာဏာအမိန့်နှင့် အတင်းအဓမ္မစေခိုင်းခြင်းမျိုး မပြုရပေ။ သင်းဝင်သူများ စိတ်နေသဘောထား တစ်လုံးတစ်ဝဖြစ်ရေးအတွက် သင်ကြားပေးခြင်းအားဖြင့်သော်လည်းကောင်း၊ စံပြနမူနာအားဖြင့် ဦးဆောင်ရာတွင်သော်လည်းကောင်း၊ သင်းထောက်လူကြီးများသည် အသုံးတော်ခံသော တန်ဆာပ လာ ပင်ဖြစ်သည်။ သို့သော် ဩဇာအာဏာ ဟူသမျှသည် ခရစ်တော်ပေါ်မှာပဲ တည်တံ့ရမည်။ သင်းထောက်လူကြီးများအပါအဝင် သင်းဝင်သူများအားလုံးတို့သည် ဘုရားသခင်ထံသို့ အပ်နှံရ မည်။ ဘုရားသခင်၌ တစ်ယောက်ပေါ်တစ်ယောက်အပ်နှံကြရမည်။ ထိုသို့ ဆက်ကပ်အပ်နှံသော အချိန်တွင် သင်းထောက်လူကြီးတို့တွင် တစ်ဦးနှင့်တစ်ဦး ဆက်ကပ်ခြင်း၊ တစ်ခြားအသင်းတော်၌ ရှိသော သင်းထောက်လူကြီးများထံ ဆက်ကပ်ခြင်းတို့လည်း ပါဝင်သည်။ တစ်ခြားစကားဖြင့် ဆို ရလျှင် ဘုရားသခင်ထံသို့သော်လည်းကောင်း၊ ခရစ်တော်ထံသို့သော်လည်းကောင်း၊ သင်းထောက်

လူကြီးများထံသို့သော်လည်းကောင်း၊ သင်းဝင်သူများထံသို့သော်လည်းကောင်း အမိန့်ပေးခြင်းအခွင့် မရှိပေ။ သို့သော် တစ်ဦးပေါ်တစ်ဦး လက်ချင်းဆက်ကာ အပြန်အလှန်ဆက်ကပ်အပ်နှံရန်အတွက် ဖြစ်သည်။ ဆက်ကပ်အပ်နှံခြင်းနှင့် အသိအမှတ်ပြုခြင်းဆိုင်ရာ အကြီးမားဆုံးသော ဝန်ထုပ်သည် သင်းထောက်လူကြီးများထံရှိသည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည် သင်းဝင်သူအားလုံးတို့၏ အစေခံများဖြစ်ကြသည်။ ဘုရားသခင်နှင့် သင်းဝင်သူအားလုံးရှေ့မှောက်၌ အစေခံများအဖြစ်အမှု တော်ဆောင်သော သင်းထောက်လူကြီးများသာလျှင် သူတစ်ပါးအသိအမှတ်ပြုခြင်း ခံစားရမည် ဖြစ်သည်။ ဤကိစ္စနှင့်ပတ်သက်ပြီး တင်ပြလိုသောအရာသည် အားလုံးအပေါ် မိမိကိုယ်ကို အမြင့် ဆုံးသောအာဏာရှင်အဖြစ် ချီးမြှောက်လိုသူတို့သည် အစေခံရာတွင် မိမိကိုယ်ကို အရည်အချင်းမမီ သူများဖြစ်သည်ဟု ပြသသူများပင်ဖြစ်သည်။

## ၆။ သန့်ရှင်းသူတို့သည်ဘုရင်များနှင့်ယဇ်ပုရောဟိတ်များဖြစ်ကြသည်
**The saints are Kings and Priests**

သင်းထောက်လူကြီးတို့သည် သခင်ကဲ့သို့ ဦးဆောင်မှုအောက်တွင် ယုံကြည်သူများကို ကလေးသူငယ်များပမာ ဆက်ဆံခြင်းသည် လူငယ်များ၏စိတ်နှလုံးသားထဲတွင် ခက်ထန်မှုရှိသည်။ ယုံကြည်သူများကို ကလေးသူငယ်များကဲ့သို့ ဆက်ဆံခြင်း၏ နောက်ဆုံးရလဒ်သည် သူတို့က လမ်းညွှန်မှုအပေါ် ကလေးသူငယ်များကဲ့သို့ ဦးနှောက်ပိုင်းဆိုင်ရာတိုးတက်မှုမရှိခြင်း သို့မဟုတ် ပုန်ကန်ထကြွခြင်းကြောင့် ဖြစ်ပါသည်။ ဖခင်တစ်ဦးက အိမ်ထောင်မိသားစု ဦးဆောင်လမ်းပြသည့် နည်းတူ သင်းထောက်လူကြီးများက မိမိပိုင်ဆိုင်သောဩဇာအာဏာကို အသုံးပြုရမည်ဖြစ်သည်။ သို့သော် သူတို့၏ ဦးဆောင်မှုပိုင်းဆိုင်ရာ အခန်းကဏ္ဍသည် ဖခင်ကသားသမီးများအပေါ်ရှိသော ဩဇာအာဏာနှင့် သခင်များက အစေခံကျွန်များအပေါ်ရှိသော ဩဇာအာဏာနှင့် မတူပေ။ သို့သော် ယုံကြည်ခြင်း၌ ညီအစ်ကိုရင်းချာကဲ့သို့သော်လည်းကောင်း၊ ယုံကြည်သူအားလုံးပေါ်တွင် နှိမ့်ချသောအစေခံကဲ့သို့လည်းကောင်း ဦးဆောင်ရမည်ဖြစ်သည်။

## ၇။ ကောင်းမွန်စွာပြုစုခြင်းခံသောသင်းဝင်သူလူစု
**A deliberative Assembly**

စုအုံးလျက်ရှိသော သင်းဝင်သူအားလုံးတို့သည် ပြုစုစောင့်ရှောက်ခြင်းခံသော သူများဖြစ် ကြသည်။ လူထုများကြားတွင်ရှိသော ယောကျ်ားများ (အရွယ်ရောက်ပြီးသူများ) တို့သည် စာဖတ် ရှုခြင်း၊ ခွန်အားပေးတိုက်တွန်းခြင်းနှင့် သွန်သင်ခြင်းအားဖြင့် ပရိသတ်များကြားထဲတွင် စနစ်တကျ စွာ ပါဝင်ရမည်။ သင်ပေးသော သင်ခန်းစာများ တုံ့ပြန်ခြင်းအားဖြင့် သော်လည်းကောင်း၊ စိတ်ပါဝင်စားစွာ စဉ်းစားတွေးခေါ်ခြင်းအားဖြင့်သော်လည်းကောင်း၊ နှုတ်ကပတ်တော်ဆွေးနွေး တိုင်ပင်ခြင်းအားဖြင့်သော်လည်းကောင်း၊ အမျိုးမျိုးသောမေးခွန်းများထုတ်ကာ ငြင်းခုံခြင်းအားဖြင့် သော်လည်းကောင်း၊ လက်တွေ့ကျကျလုပ်ဆောင်ရန်အတွက် အကြံပြုဆွေးနွေးခြင်းအားဖြင့်သော် လည်းကောင်း သူတို့သည် အပြန်အလှန်ထင်မြင်ချက်များတင်ပြကာ ဆွေးနွေးပါဝင်ရမည်။ ၎င်း သည် "သန့်ရှင်းသောဝိညာဉ်တော် လှုပ်ရှားတိုင်း" "တုန်ခါခြင်းကဲ့သို့" ဖြစ်သောအစည်းဝေး၊ ဖခင်ကြီးဖြစ်သော အိမ်ထောင်ဦးစီးအားဖြင့် အတည်ပြုသော "မိသားစုရင်းနှီးမှုပြသသော" အစည်း အဝေး၊ ပရိသတ်များ ဖျော်ဖြေတင်ဆက်ပေးသော "ဝတ်ပြုခြင်းနေရာအဖြစ်အသုံးပြုလျက်ရှိသော" အစည်းအဝေးမဟုတ်ပေ။ သို့သော်ခရစ်တော်ထဲ၌ စုရုံးနေသော ယောကျ်ားတို့ကတစ်ဦးပေါ်တစ်ဦး အပြန်အလှန်ပြုမူခြင်းအားဖြင့် အသိအမှတ်ပြုပြီး ရင့်ကျက်မှုပေးသော စစ်မှန်သောတပည့်တော် သင်ယူခြင်း အစည်းအဝေးဖြစ်သည်။

## ၈။ လွတ်လပ်မှုဖြစ်စေသော ပရိသတ်များ၏တာဝန်ဝတ္တရား
**Independent Congregational Accountability**

အဖွဲ့အစည်းတိုင်းက ဖွဲ့စည်းပုံကိုယ်စီရှိကြပြီး ဘုရားသခင်အတွက် လွတ်လပ်စွာပါဝင်လုပ်ဆောင်ကြသည်။ သို့သော်မှန်ကန်သော အဖွဲ့အစည်းအားလုံးသည် ဝိညာဉ်တော်နှင့်ပတ်သက်သော နိုင်ငံတော်တွင် ပါဝင်ကြသည်။ သူတို့၏ အခြေခံအုတ်မြစ်သည် ဘုရားသခင်ဖြစ်သည်။ သူတို့သည် ပတ်ဝန်းကျင်အခြေအနေ ပေါ်မူတည်၍ အခွင့်ရလျှင်ရသည့်အတိုင်း ပူးပေါင်းလုပ်ဆောင်ကြသည်။ လူတစ်ဦးစီတိုင်းနှင့် အဖွဲ့အစည်းတစ်ခုစီတိုင်းပေါ်တွင် တန်းတူရည်တူထားကာ ဦးဆောင်ကြပါသည်။ ယုံကြည်သူညီအစ်ကိုများကြားထဲတွင် လည်းကောင်း၊ စုရုံးလျက်ရှိသော မောင်နှမကြားထဲတွင် လည်းကောင်း မတရားမှုဖြစ်သော မနာလိုတဝန်တို စိတ်မရှိပေ။

Steve Atkerson

## အခန်း (၁၀)
## Chapter 10

### အမှုတော်ဆောင်သူသည် အဘယ်သူနည်း
### What is a ministers

၁၉၇၂ ခုနှစ်မှစ၍ ကျွန်တော်သည် ခရစ်တော်အသင်းတော်နှင့်ပတ်သက်သော မေးခွန်းများ နှင့် လုံးထွေးနေခဲ့ပါသည်။ တစ်ချို့ပြဿနာများက ကျွန်ုပ်တို့၏စိတ်ထဲတွင် ကကတိကအောင့်ဖြစ်စေခဲ့ပါသည်။ ထိုအရာများကို အဓိပ္ပာယ်ရှိသော စကားပြောဆိုခြင်းဖြစ်ဖို့ရန်အတွက် သော်လည်းကောင်း နှလုံးသားထဲ၌ သမ္မာကျမ်းစာကို စူးစမ်းရှိဖွယ်လိုသောစိတ်က သိမ်းပိုက်ဖို့ရန်အတွက် သော်လည်းကောင်း၊ မျော်လင့်ချက်ကြီးစွာဖြင့် ကျွန်တော် သူတို့ကဝေငှလိုပါသည်။ နှုတ်ကပတ်တော်အတူတကွ ဖတ်ရှုလေ့လာခြင်းကို ကျွန်တော့်တို့ကြောက်ရွံ့ဖို့ရန်မဟုတ်ပေ။

ကျွန်တော်ဖော်ပြလိုသောအကြောင်းအရာနှင့် တိုးတက်ဖွံ့ဖြိုးစေလိုသောအချက်သည် ဤကဲ့သို့ဖြစ်ပါသည်။ ၎င်းတို့သည် ကျွန်ုပ်၏နှလုံးသားထဲတွင် ဝန်ပိုးဝန်ထုပ်အဖြစ်တည်ရှိသော အချက်ပင်ဖြစ်သည်။ ကျွန်တော်တို့သည် ဓမ္မသစ်ကျမ်း၌ဖော်ပြထားသော ဦးဆောင်မှုဆိုင်ရာသွန်သင်ခြင်းနှင့် “အမှုတော်ဆောင်သူ” ကို သီးခြားစွာထားရှိသရွေ့ ထို့ပြင် ဘုရားသခင်၏ လူများကြားထဲတွင် (ခရစ်ယာန်ဝတ်ကျောင်းမှူးအဖွဲ့) နှင့် “ရာထူးခန့်အပ်ခြင်းမခံရသူ” (သာမာန်ယုံကြည်သူ) ဟူ၍ ခွဲခြားနေသရွေ့ အသင်းတော်၏ သာသနာတစ်ခုလုံးသည် ခြေထောက်မသန်စွမ်းသူကဲ့သို့ ထော့နဲ့ထော့နဲ့ သွားရလိမ်ကမည်ဖြစ်သည်။

### “အမှုတော်ဆောင်သူများ” အစားသင်းထောက်လူကြီးများ
### Elders instead of “ministers”

ဓမ္မသစ်ကျစ်ထဲတွင် “သန့်ရှင်းသူများ၊ ဂိုဏ်းချုပ်ဦးဆောင်သူများနှင့်အစေခံသူများ” ဟူ သော စကားလုံးများသာ တွေ့ရှိနိုင်ပါသည် (ဖိ၊ ၁း၁) ဂိုဏ်းချုပ်ဦးဆောင်သူများ၊ သင်းအုပ်ဆရာများနှင့်သင်းထောက်လူကြီးများသည် တခြားသူတွေနှင့်အတူတူပင်ဖြစ်သည်၊ (တ၊ ၂၀း၁၇–၂၈)။ အသင်းတော်၌ပြဿနာဖြစ်ပွါးခြင်းသည် သင်းထောက်လူကြီးတို့၏ညံ့ဖျင်းမှုကြောင့်ဖြစ်သည် (၁တိ၊ ၅း၁၇၊ယာ၊ ၅း၁၄) မိရှိဖလာမှ သင်းအုပ်ဆရာဟူသော စကားလုံးကို အသုံးပြု